ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန

# ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ( ၁၅ /၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ၊ အောက်တိုဘာလ ၈ ရက်

အကြောင်းအရာ။ ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားလျှက်ရှိသည့် Tradenet Member များအား အသိပေးကြေညာချက် ထုတ်ပြန်ခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် Tradenet 2.0 စနစ်အားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလဆန်းမှ စတင်၍အဆင့်လိုက် စတင်အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ Tradenet 2.0 စနစ်တွင်လက်ရှိအသုံးပြုဆောင်ရွက်လျှက်ရှိသည့် Myanmar Tradenet စနစ် (Fully Online) ရှိ Member များ၏ အချက်အလက်များအား ဆက်လက်အသုံးပြုသွားရမည်ဖြစ်သည့်အတွက် လက်ရှိ Myanmar Tradenet တွင် Member ဖြစ်သည့် လုပ်ငန်းရှင်များအနေဖြင့် မိမိ တို့၏ Member အချက်အလက်များအား Myanmar Tradenet တွင် မှန်ကန်မှု ရှိ/မရှိ စစ်ဆေး၍ Update ပြုလုပ်ပေးရန်ဖြစ်ပြီး ထပ်မံလိုအပ်သည့် အချက်အလက် (Email, Password, Mobile No ,NRC No)များကို ဖြည့်သွင်းခြင်းနှင့် ယခင် Update ပြုလုပ်ထားရာတွင် Email တစ်ခုတည်း အသုံးပြု၍ ကုမ္ပဏီတစ်ခုထက် ပိုမိုဖြည့်သွင်းထားရှိသော ကုမ္ပဏီများအနေဖြင့် (၂၅.၁၀.၂၀၂၀)ရက်နေ့ နောက်ဆုံးထား၍ ကုမ္ပဏီအလိုက် Email တစ်ခုစီ ပြင်ဆင်ပေးရန် အသိပေးအကြောင်းကြားပါသည်။

၃။ လိုင်စင်လျှောက်ထားရန် eservice. myanmartradenet.com စနစ်အတွင်း ဝင်ရောက်သည်နှင့် အဆိုပါအချက်အလက်များ ဖြည့်သွင်းပြင်ဆင်ပြီးမှသာ လိုင်စင်လျှောက်ထားမှု လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် (၂၅.၁၀.၂၀၂၀) ရက်နေ့အထိ Tradenet Member အချက်အလက်များအား Update ပြုလုပ်ခြင်းမရှိသည့် ကုမ္ပဏီများအနေဖြင့် လိုင်စင်လျှောက်ထားမှုလုပ်ငန်းများအား ဆောင်ရွက်နိုင်မည်မဟုတ်ဘဲ Myanmar Tradenet 2.0 စတင်သည့်အချိန်မှသာ Member အသစ်အနေဖြင့် ပြန်လည်လျှောက်ထားဆောင်ရွက်နိုင်မည်ဖြစ်သည်။

၄။ သို့ပါ၍ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် အွန်လိုင်းလိုင်စင်စနစ်ဖြင့် လိုင်စင်လျှောက်ထားသည်ဖြစ်စေ၊ မလျှောက်ထားသည်ဖြစ်စေ Tradenet 2.0 စနစ်စတင်သည့် အချိန်တွင် ထပ်မံဖြည့်သွင်းထားသည့် အဆိုပါ Email, Password ဖြင့်သာ အသုံးပြုရမည်ဖြစ်သည့်အတွက် အသုံးပြုနေသည့် Email၊ Password နှင့် အချက်အလက်များအား သတ်မှတ်ရက်မတိုင်မီ မှန်ကန်သေချာစွာ ဖြည့်သွင်းဆောင်ရွက်ပေးရန် ကြိုတင်အသိပေး အကြောင်းကြားအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
# ကုန်သွယ်ရေးဦးစီးဌာန

## ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ( ၁၆ /၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ၊ အောက်တိုဘာလ ၈ ရက်

အကြောင်းအရာ။ **ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လျှောက်ထားရာတွင် ဖြည့်သွင်းရမည့် အချက်များအား မှန်ကန်စွာစိစစ်တင်ပြနိုင်ရေး အသိပေးကြေညာချက်ထုတ်ပြန်ခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် Tradenet 2.0 စနစ်ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ဆန်းမှ စတင်၍အဆင့်လိုက် အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အချက်အလက်များဖြည့်သွင်းခြင်းကို single entry စနစ်ဖြစ်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ဖြည့်သွင်းထားသော ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာအချက်အလက်များကို အခြေခံ၍ Tradenet 2.0 စနစ်ဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းအတွက် လိုအပ်သောအချက်အလက်များကို ချိတ်ဆက်ရယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်လျှောက်ထားရာတွင် ဖြည့်သွင်းထားသော အောက်ပါအချက်အလက်များကို ဖော်ပြပါအတိုင်း ၂၅.၁၀.၂၀၂၀ ရက်နေ့နောက်ဆုံးထား၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ MyCo တွင် ပြည့်စုံမှန်ကန်စွာ ပြင်ဆင်ဖြည့်သွင်းဆောင်ရွက်နိုင်ရန် အသိပေးအကြောင်းကြားသည်-

(က) ကုမ္ပဏီအမည်၊

(ခ) ကုမ္ပဏီ၏ ရုံးခန်း လိပ်စာ (အမှတ်၊ လမ်း၊ ရပ်ကွက်၊ မြို့နယ်၊ တိုင်း/ဒေသကြီးဟူ၍ အစဉ်အလိုက်ဖော်ပြရန်)

(ဂ) ကုမ္ပဏီ၏ အီးမေးလ်နှင့် ဖုန်းနံပါတ်၊

(ဃ) ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်အမည်များ၊

(င)　　ကုမ္ပဏီဒါရိုက်တာများ၏ မှတ်ပုံတင်အမှတ် (သို့မဟုတ်) passport အမှတ် (နိုင်ငံသားစိစစ်ရေးကတ်ပြား၏ မှတ်ပုံတင်အမှတ်ပါ (နိုင်) ဟူသောဖော်ပြချက်ကို အင်္ဂလိပ်ဘာ သာဖြင့် ဖြည့်သွင်းရာတွင် သက်ဆိုင်ရာဌာနမှ citizen အတွက် သတ်မှတ်ထားသော(C)ဟု ဖော်ပြရန်) ။

၃။　　ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် အထက်အပိုဒ်ပါ အချက်အလက်များကို သတ်မှတ်ကာလအတွင်း မှန်ကန်စွာပြင်ဆင်ဖြည့်သွင်း ထားခြင်း မရှိပါက Tradenet 2.0 စနစ်ဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ရာတွင် လည်းကောင်း၊ အွန်လိုင်းလိုင်စင်စနစ်ဖြင့် လိုင်စင်လျှောက်ထားရာတွင်လည်းကောင်း လုပ်ငန်းကြန့်ကြာမှုများ ဖြစ်ပေါ်နိုင်ကြောင်း ကြိုတင်အသိပေးအကြောင်းကြားအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန